ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

# ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက်

# လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်

# လမ်းညွှန်ချက်

ကန့်သတ်

ကန့်သတ်

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ကြော်ငြာထုတ်ပြန်ကြေညာခြင်း | ၁ |
| ၃ | လျှောက်လွှာတင်သွင်းခြင်း | ၂ |
| ၄ | စာမေးပွဲဝင်ကြေးငွေပေးသွင်းခြင်း | ၆ |
| ၅ | အရည်အချင်းစစ်ဆေးခြင်း | ၇ |
| ၆ | ပထမအဆင့်ပဏာမစစ်ဆေးခြင်း | ၇ |
| ၇ | ပဏာမစစ်ဆေးခြင်းအတွက်ဖြေဆိုနည်းလမ်းညွှန် | ၈ |
| ၈ | ပဏာမစစ်ဆေးခြင်းအတွက်သတိပြုလိုက်နာရမည့်အချက်များ | ၉ |
| ၉ | ပဏာမစစ်ဆေးခြင်းအတွက်သတိပြုရှောင်ကြဉ်ရမည့်အချက်များ | ၉ |
| ၁၀ | ဒုတိယအဆင့်ရေးဖြေစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းထုတ်ပြန်ကြေညာခြင်း | ၉ |
| ၁၁ | ဒုတိယအဆင့်ရေးဖြေစာမေးပွဲစစ်ဆေးခြင်း | ၉ |
| ၁၂ | တတိယအဆင့်စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်း | ၁၁ |
| ၁၃ | သင်တန်းတက်ရောက်စေခြင်း | ၁၃ |
| ၁၄ | အထူးသတိပြုရန်အချက်အလက်များ | ၁၃ |
| | စုံစမ်းမေးမြန်းခြင်း | ၁၄ |
| | အထွေထွေ | ၁၅ |
| နောက်ဆက်တွဲ(က) | – ပြည်ထောင်စုရာထူးဝန်အဖွဲ့မှခေါ်ယူသောရာထူးများအတွက် အွန်လိုင်းလျှောက်လွှာပုံစံ(Online Application Form) | ၁၆ |
| နောက်ဆက်တွဲ(ခ ) | – ပြည်ထောင်စုရာထူးဝန်အဖွဲ့မှခေါ်ယူသောရာထူးများအတွက် လျှောက်လွှာပုံစံ (Manual Form) | ၂၄ |
| နောက်ဆက်တွဲ(ဂ ) | – ပြည်ထောင်စုရာထူးဝန်အဖွဲ့ကစစ်ဆေးသည့်ပဏာမစစ်ဆေးခြင်း(ScreeningTest)နှင့် ဒုတိယအဆင့် ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းတို့အတွက် မေးခွန်းများနှင့်သက်ဆိုင်သော အချက်အလက်များ | ၃၁ |



ကန့်သတ်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့က
## ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်
## လမ်းညွှန်ချက်

**နိဒါန်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်တွင် ကြော်ငြာထုတ်ပြန်ကြေညာခြင်း၊ လျှောက်လွှာတင်သွင်းခြင်း၊ စာမေးပွဲဝင်ကြေးငွေပေးသွင်းခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ ပထမအဆင့်ပဏ္ဏာမစစ်ဆေးခြင်း၊ ပဏ္ဏာမစစ်ဆေးခြင်းအတွက် ဖြေဆိုနည်းလမ်းညွှန်၊ ဒုတိယအဆင့်ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းထုတ်ပြန်ကြေညာခြင်း၊ ဒုတိယအဆင့်ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ တတိယအဆင့် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်း၊ သင်တန်းတက်ရောက်စေခြင်းတို့နှင့်စပ်လျဉ်းသည့် သိသင့်သိထိုက်သော အကြောင်းအရာများကို ရေးသားဖော်ပြထားပါသည်။

**ကြော်ငြာထုတ်ပြန်ကြေညာခြင်း**

၂။ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီးတွင် ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့်ဝင်ပေါက်ရာထူးနေရာလစ်လပ်သဖြင့် စစ်ဆေးရွေးချယ်ပေးရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ အဆိုပြုချက်များပေးပို့ ညှိနှိုင်းလာသည့်အခါ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် လစ်လပ်ဌာန၊ ရာထူးနေရာများအတွက် ကြော်ငြာထုတ်ပြန်ကြေညာ၍ လျှောက်လွှာများ ခေါ်ယူပါသည်။

၃။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ဝင်ပေါက်ရာထူးနေရာလစ်လပ်သဖြင့် ပြည်ပစာစစ်ဌာနဖွင့်လှစ်၍ စစ်ဆေး၊ ရွေးချယ်ပေးရန် တရားဝင်အမှာစာဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ညှိနှိုင်းမေတ္တာရပ်ခံလာပါက သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် ကြော်ငြာထုတ်ပြန်ကြေညာ၍ လျှောက်လွှာများခေါ်ယူပါသည်။





၄။ ကြော်ငြာကိုနေ့စဉ်ထုတ်ဝေသည့် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)နေပြည်တော်၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (ရန်ကုန်ရုံးခွဲ)နှင့် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးများ၏ ကြော်ငြာသင်ပုန်းများတွင်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော www.ucsb.gov.mm, ucsb.imis.com.mm ၊ Facebook Page ဖြစ်သည့် Union Civil Service Board Myanmar နှင့် Myanmar National Web Portal တို့တွင်လည်းကောင်း ထုတ်ပြန်ကြေညာပါမည်။

၅။ ကြော်ငြာတွင် ရာထူးလစ်လပ်သည့် ဌာန၊ ရာထူးအမည်၊ လစ်လပ်ရာထူးအရေအတွက်နေရာ၊ လိုအပ်သည့်အရည်အချင်းများ၊ လျှောက်လွှာပိတ်ရက်၊ အသက်ကန့်သတ်ချက်၊ လျှောက်လွှာဝယ်ယူနိုင်သည့်နေရာ၊ လျှောက်လွှာပေးပို့ရမည့်ဌာန၊ **လက်ရှိအစိုးရဝန်ထမ်းများအတွက်** ဝန်ကြီးဌာနခွင့်ပြုစာ ပူးတွဲတင်ပြရန်ကိစ္စ၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူပူးတွဲတင်ပြရန်ကိစ္စ၊ စာမေးပွဲကျင်းပမည့် စာစစ်ဌာန(၅)ခု၊ ပဏ္ဏာမစစ်ဆေးခြင်း ( Screening Test ) နှင့် ဒုတိယအဆင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများအတွက် ခုံအမှတ် စာရင်းထုတ်ပြန်ကြေညာမည့် နေ့ရက်၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်နေ့ရက်နှင့် နေရာ၊ စာမေးပွဲများကျင်းပမည့် နေ့ရက်နှင့် နေရာ၊ ကြော်ငြာပါဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ သီးခြားစည်းကမ်းချက်များနှင့်ပတ်သက်၍ စုံစမ်းနိုင်သည့် လိပ်စာ၊ တယ်လီဖုန်းအမှတ်တို့ကို ဖော်ပြထားမည်ဖြစ်ပါသည်။

**လျှောက်လွှာတင်သွင်းခြင်း**

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများသည် Online Application System (OAS) ကိုအသုံးပြု၍ လျှောက်ထား နိုင်ပါသည်။ Online Application System (OAS) ဖြင့် လျှောက်ထားရန်အခက်အခဲရှိသူများအနေဖြင့် ယခင်လျှောက်ထားသည့် ပုံစံအတိုင်း လျှောက်လွှာဝယ်ယူ၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၇။ **လျှောက်လွှာတင်သွင်းလိုသူများအနေဖြင့် နေရာဒေသမရွေး ကုန်ကျစရိတ်သက်သာစွာဖြင့်** Online Application System (OAS) ကိုအသုံးပြု၍ **အချိန်မီလျှောက်ထားနိုင်စေရန် ရည်ရွယ်စီမံဆောင်ရွက်ထားပြီး အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-**

(က) လျှောက်ထားသူသည် အွန်လိုင်းလျှောက်လွှာ**(Online Application form)တွင်** ဖြည့်သွင်းရန်အတွက် (oas.ucsb.gov.mm) သို့ ဝင်ရောက်ရပါမည်၊ လျှောက်ထားမှုပြုလုပ်ရန်အတွက် ကိုယ်ပိုင် e – Mail ကို အသုံးပြု၍ စနစ်တွင် Account တစ်ခုတည်ဆောက်ရမည် ဖြစ်ပါသည်။

(ခ) ဖြည့်သွင်းရမည့်စာမျက်နှာသို့ဝင်ရောက်ပြီးပါက လျှောက်ထားသူသည် မိမိလျှောက်ထားလိုသည့် လစ်လပ်ရာထူး (တစ်မျိုး/နှစ်မျိုး) ၊ ဖြေဆိုလိုသည့် စာစစ်ဌာနနှင့်ကိုယ်ရေးအချက်အလက်တို့ကို မှန်ကန်စွာဖြည့်သွင်းပြီး ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ(ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသည့်ချလန်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း) တို့ကို Scan ဖတ်၍Attach ပြုလုပ်ပြီး Online Application System (OAS) မှတဆင့်ပေးပို့ရမည်။

(ဂ) လျှောက်လွှာနှင့်အတူပူးတွဲပေးပို့သည့် စာရွက်စာတမ်းများ ပြည့်စုံပါက လျှောက်လွှာ လက်ခံရရှိကြောင်း လျှောက်ထားသူ၏ e – Mail သို့ အကြောင်းပြန်ကြားပေးပါမည်။

(ဃ) **ရာထူးတစ်မျိုးထက်ပို၍ လျှောက်ထားသူသည် ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ်ငါးထောင်) ကို သီးခြားစီပေးသွင်း၍** ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်း ရမည်ဖြစ်ပြီး Online Application System (OAS) အသုံးပြု၍ **လျှောက်ထားသူများအနေဖြင့် ရာထူး(၂) မျိုးလျှောက်ထားပါကလျှောက်ထားသူသည် ဌာန(၂)ခုကို**





**ရွေးချယ်၍ ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ်ငါးထောင်) ပေးသွင်းထားသည့် ချလန် (၂)စောင်ဖြင့်** အွန်လိုင်းလျှောက်လွှာ (Online **Application form)တွင်** ဖော်ပြရမည်ဖြစ်ပါသည်။

၈။ Online Application System (OAS) ကိုအသုံးပြု၍ လျှောက်ထားရန် အခက်အခဲရှိသူများ အနေဖြင့် **နောက်ဆက်တွဲ(ခ)** ပါ အဖွဲ့ကသတ်မှတ်ထားသည့် လျှောက်လွှာပုံစံတွင် ပြည့်စုံစွာ ဖြည့်စွက်၍ အောက်ပါအတိုင်း ပေးပို့လျှောက်ထားရပါမည်-

(က) လျှောက်လွှာ၏ပထမစာမျက်နှာရှိ ဖြေဆိုမည့်စာစစ်ဌာနကွက်လပ်နေရာတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်မော်လမြိုင် စာစစ်ဌာန(၅)ခု အနက် မိမိတို့အမှန်တကယ်ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ရွေးချယ်ဖော်ပြ လျှောက်ထားရမည် ဖြစ်ပါသည်။ **[စာစစ်ဌာနဖော်ပြထားခြင်းမရှိသော လျှောက်လွှာများအတွက် ခုံအမှတ်ထွက်ရှိမည်မဟုတ်ပါ။]**

(ခ) လျှောက်လွှာကို ကာယကံရှင်ကိုယ်တိုင် (သို့မဟုတ်) မိသားစု/ ဆွေမျိုး/ မိတ်ဆွေ/ ကိုယ်စားလှယ် (သို့မဟုတ်) စာတိုက်မှမှတ်ပုံတင်၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ လျှောက်လွှာပိတ်ရက် မတိုင်မီပေးပို့လျှောက်ထားရမည်။**
**[မှတ်ချက်။ ကိုယ်စားလှယ် (သို့မဟုတ်) စာတိုက်မှပေးပို့သည့် လျှောက်လွှာ ပျောက်ဆုံးခြင်း/ရက်နောက်ကျခြင်းတို့အတွက် ဤအဖွဲ့က တာဝန် မယူပါ။]**

(ဂ) လျှောက်လွှာတွင် ၆လအတွင်း ရိုက်ကူးခဲ့သော ပတ်စပို့အရွယ် ဓာတ်ပုံ တစ်ပုံကပ်၍အပိုဓာတ်ပုံနှစ်ပုံ၏နောက်ကျောတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို ရေးသားပြီးလျှောက်လွှာနှင့် အတူပူးတွဲပေးပို့ရမည်။

(ဃ) **နိုင်ငံ့ဝန်ထမ်းများသည်** လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ခွင့်ပြုစာနှင့်အတူ လျှောက်လွှာပိတ်ရက်မတိုင်မီ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်၊ ကြိုတင်လျှောက်လွှာတစ်စောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့အထက် စာပိုဒ်ခွဲ(ခ)ပါအတိုင်း တိုက်ရိုက်ပေးပို့ရမည်။ **(ဝန်ကြီးဌာနခွင့်ပြုစာမပါသော လက်ရှိနိုင်ငံ့ဝန်ထမ်းများ၏ လျှောက်လွှာများကို ခုံအမှတ်စာရင်းထုတ်ပေးမည်မဟုတ်ပါ)**

(င) ရေးဖြေစာမေးပွဲ(၁)ကြိမ်တွင် ကြော်ငြာပါဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ လစ်လပ်ရာထူး(၂)မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး ရာထူး(၂)မျိုးထက် ပိုမိုလျှောက်ထားပါက ကြော်ငြာအမှတ်စဉ်အလိုက် ရာထူး(၂)မျိုးသာ သတ်မှတ်ဖြေဆိုခွင့်ပြုပြီးကျန်လျှောက်လွှာများကိုပယ်ဖျက်မည်ဖြစ်ပါသည်။

(စ) ရာထူးတစ်မျိုးထက်ပို၍ လျှောက်ထားသူသည် ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ (၅ဝဝဝိ/−) (ကျပ်ငါးထောင်) ကိုသီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

(ဆ) လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်၍ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသော(ချလန်ရက်ကျော်) လျှောက်လွှာများ၊ ဝန်ကြီးဌာနခွင့်ပြုစာမပါရှိသည့် လက်ရှိနိုင်ငံ့ဝန်ထမ်းများ၏လျှောက်လွှာများ၊ အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူမပါရှိသည့် ပြင်ပပုဂ္ဂိုလ်များ၏ လျှောက်လွှာများ။ အချက်အလက် များ ပြည့်စုံစွာဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများနှင့် **Online မှလျှောက်လွှာလက်ခံရရှိကြောင်း** e – Mail **ပြန်ကြားထားခြင်းမရှိသူများအား**





ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

(ဇ) လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပေးပို့ရမည်−

(၁) ပညာအရည်အချင်းဆိုင်ရာ ဘွဲ့လက်မှတ်မိတ္တူ၊ နောက်ဆုံးနှစ်အမှတ်စာရင်းမိတ္တူ၊ **(လျှောက်လွှာပိတ်ရက်မတိုင်မီကြော်ငြာပါဘွဲ့ရရှိပြီးဖြစ်ရမည်။ ဘွဲ့လက်မှတ်မိတ္တူတင်ပြနိုင်ခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**)

(၂) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ် ( သို့မဟုတ်) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(၃) ရာထူးတစ်မျိုးစီအတွက်စာမေးပွဲဝင်ကြေးငွေ (၅ဝဝဝိ/−) (ကျပ်ငါးထောင်) ပေးသွင်းထားသည့် ချလန်မူရင်း

(၄) ပြင်ပပုဂ္ဂိုလ်(လက်ရှိနိုင်ငံ့ဝန်ထမ်းမဟုတ်သူ)များအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (သက်တမ်းမကုန်သေးသည့် အလုပ်သမားမှတ်ပုံတင်မိတ္တူဖြစ်ရမည်။)

(၅) လူမှုရေးဆောင်ရွက်ချက်အထောက်အထားများ။

**စာမေးပွဲဝင်ကြေးငွေပေးသွင်းခြင်း**

၉။ စာမေးပွဲဝင်ကြေးငွေ (၅ဝဝဝိ/−)ကျပ်ကို အောက်ပါနည်းလမ်းအတိုင်း ပေးသွင်းရမည် –

(က) နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ဖွင့်လှစ်ထားရှိသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သွင်းငွေသက်သက်စာရင်းသို့ ရာထူးတစ်မျိုးစီအတွက်စာမေးပွဲဝင်ကြေးငွေ ၅ဝဝဝကျပ်ကို

**လျှောက်လွှာပိတ်ရက်မတိုင်မီ** ပေးသွင်းရပါမည်။ **(Fax ငွေပို့လွှာဖြင့် ပေးပို့ခြင်း လက်မခံပါ)**

(ခ) စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသည့် ချလန်မူရင်းတွင် ချလန်အမှတ်၊ ဘဏ်တံဆိပ်နှင့် ရက်စွဲပါရှိရပါမည်။

(ဂ) **လျှောက်လွှာပိတ်ရက်မတိုင်မီ** စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသော ငွေသွင်းချလန်မူရင်းများကို တတိယအဆင့် လူတွေ့စစ်ဆေးခြင်းအတွက် ဖြည့်သွင်းရမည့် လျှောက်လွှာတွင် ပူးတွဲ၍ တင်ပြရမည်ဖြစ်ပါသည်။

(ဃ) **ကြော်ငြာပါလျှောက်လွှာပိတ်ရက်ထက်ကျော်လွန်၍ စာမေးပွဲဝင်ကြေးငွေပေးသွင်းထားသည့် ချလန်ရက်ကျော်လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

**အရည်အချင်းစစ်ဆေးခြင်း**

၁၀။ ကြော်ငြာပါအရည်အချင်း သတ်မှတ်ချက်နှင့်ညီညွတ်သည့် လျှောက်လွှာများကို အဆင့်(၃)ဆင့်ဖြင့် အရည်အချင်းစစ်ဆေး၍ ရွေးချယ်မည်ဖြစ်ရာ **ပထမအဆင့်ပဏာမစစ်ဆေးခြင်း (Screening Test)၊ ဒုတိယအဆင့်**ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ **တတိယအဆင့်** စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပါသည်။

**ပထမအဆင့်ပဏာမစစ်ဆေးခြင်း (Screening Test)**

၁၁။ ပဏာမစစ်ဆေးခြင်း (Screening Test) သို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်း၊ လျှောက်လွှာတွင်မပြည့်စုံ၍ လိုအပ်ချက်ရှိသောကြောင့် ခုံအမှတ်မထွက်သူများစာရင်း၊ ကြော်ငြာပါ အရည်အချင်းသတ်မှတ်ချက်နှင့် မညီညွတ်သောကြောင့် ဖြေဆိုခွင့်မရရှိသူများအမည်စာရင်း၊ စာမေးပွဲကျင်းပမည့်နေရာနှင့် အချိန်ဇယားတို့ကို ကြော်ငြာ၌ဖော်ပြထားသည့် နေ့ရက်များတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးများရှိ ကြော်ငြာသင်ပုန်းများ ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website , Facebook နှင့် Myanmar National Web





Portal တို့တွင် ကြေညာ၍ **ကြာသပတေးနေ့နှင့် သောကြာနေ့တို့တွင်** စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်ဖြစ်ပါသည်။ [ပဏာမစစ်ဆေးခြင်း (Screening Test)သို့ ဝင်ရောက်**ဖြေဆိုခွင့်ပြုကြောင်း အကြောင်းကြားစာကို တစ်ဦးချင်းထံသို့ ပေးပို့မည်မဟုတ်ပါ။]**

၁၂။ **ပဏာမစစ်ဆေးခြင်း**(Screening Test) ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့ရှိ စာစစ်ဌာန(၅)ခုတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့် နေ့ရက်နှင့်စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်တို့သည် ကြော်ငြာတွင်ဖော်ပြပါရှိသည့်အတိုင်းဖြစ်ပါသည်။ ပဏာမစစ်ဆေးခြင်းတွင် Multiple Choice Question Type ကို အင်္ဂလိပ်စာဘာသာနှင့် သုတရေးရာဘာသာရပ်တို့အတွက် စုစုပေါင်းမေးခွန်း (၆၀)ပုဒ်ကို (၂)နာရီ မေးခွန်းစစ်ဆေးမည်ဖြစ်ပါသည်။

၁၃။ **အင်္ဂလိပ်စာဘာသာရပ်**ကို နံနက် ၀၉:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ ဖြေဆိုချိန်(၁)နာရီဖြင့် မေးခွန်းပုဒ်ရေ(၃၀)ကို ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုသူများအား ပဏာမစစ်ဆေးခြင်းဖြေဆိုပုံနည်းစနစ်ကို ရှင်းလင်းတင်ပြရန်ရှိပါသဖြင့် နံနက် ၀၈:၃၀ နာရီတွင် စာမေးပွဲခန်း အတွင်း၌ နေရာယူပြီးဖြစ်ရမည်ဖြစ်ပါသည်။

၁၄။ **သုတရေးရာဘာသာရပ်**ကို နံနက် ၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ဖြေဆိုချိန်(၁)နာရီဖြင့် မေးခွန်းပုဒ်ရေ(၃၀)ကို ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုသူများအနေဖြင့် ၁၀:၄၅ နာရီ မှစတင်၍ စာမေးပွဲခန်းအတွင်း၌ ပြန်လည်နေရာယူပြီး ဖြစ်ရမည်ဖြစ်ပါသည်။

**ပဏာမစစ်ဆေးခြင်းအတွက် ဖြေဆိုနည်းလမ်းညွှန်**

၁၅။ ပဏာမစစ်ဆေးခြင်းဖြေဆိုရာတွင် အဖြေလွှာပေါ်၌ ဖြေဆိုသည့်စာစစ်ဌာန၊ ဖြေဆိုခွင့်ပြုသည့် ခုံအမှတ်၊ ဖြေဆိုသည့်ဘာသာရပ်တို့ကို အဖြေလွှာပေါ်ရှိ သတ်မှတ်စက်ဝိုင်းအတွင်း 2B ခဲတံဖြင့် မဲနက်နေအောင် အပြည့်ခြယ်ပေးရပါမည်။ မေးခွန်းသည် Multiple Choice Question Type ဖြစ်သည့်အတွက် ပေးထားသည့် အဖြေ(၄)ခုအနက် အမှန်ဆုံးအဖြေတစ်ခုကိုသာရွေးချယ်၍ အဖြေမှန် စက်ဝိုင်းအတွင်း 2B ခဲတံဖြင့်မဲနက်နေအောင် ထင်ထင်ရှားရှားခြယ်ပေးရပါမည်။

ရွေးပြီးသား အဖြေကိုမကြိုက်၍ အခြားအဖြေတစ်ခုကို ထပ်မံရွေးချယ်လိုပါက ရွေးပြီးသားအဖြေကို ခဲဖျက်ဖြင့် သေသပ်စွာ ဖျက်ပေး ရမည်ဖြစ်ပြီး ခဲဖျက်အစအနများမကျန်အောင် အဖြေလွှာစာရွက်ကို သန့်ရှင်းပေးရမည်ဖြစ်ပါသည်။ အဖြေမှန်စက်ဝိုင်းအတွင်း အပြည့်ခြယ်မထားခြင်း၊ အဖြေမှန်စက်ဝိုင်းကို ထင်ထင်ရှားရှားခြယ် မထားခြင်း၊ ခဲဖျက်အစအနများကျန်ရှိနေခြင်း၊ အဖြေမှန်(၁)ခု ထက်ပို၍ ရွေးချယ်ဖြေဆိုခြင်း တို့အတွက် အမှတ်ရရှိမည်မဟုတ်ပါ။

**ပဏာမစစ်ဆေးခြင်းအတွက် သတိပြုလိုက်နာရမည့်အချက်များ**

၁၆။ (က) အဖြေလွှာများပေါ်တွင် အစွန်းအထင်းမဖြစ်စေရပါ။

(ခ) အဖြေလွှာစာရွက်ကို ခေါက်ခြင်း၊ ချိုးခြင်းမပြုရပါ။

(ဂ) အဖြေလွှာများကို ပျက်စီး/စုတ်ပြဲခြင်းမဖြစ်စေရန်သတိပြုပါ။

**ပဏာမစစ်ဆေးခြင်းအတွက် သတိပြုရှောင်ကြဉ်ရမည့်အချက်များ**

၁၇။ (က) အဖြေလွှာစာရွက်ပေါ်တွင် ပြင်ဆင်ရန်လိုအပ်ပါက ခဲဖျက်သာ အသုံးပြုရမည်ဖြစ်ပြီး Correction Pen အသုံးမပြုရပါ။

(ခ) အဖြေလွှာစာရွက်ကို ပေါက်ပြဲအောင် ခဲဖျက်ဖြင့် ဖျက်ခြင်းမှရှောင်ကြဉ်ရမည်ဖြစ်ပြီး စာရွက်ပေါက်ပြဲနေပါက အဆိုပါ အဖြေအတွက် အမှတ်ရရှိမည်မဟုတ်ပါ။

**ဒုတိယအဆင့်ရေးဖြေစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများအမည်စာရင်းထုတ်ပြန်ကြေညာခြင်း**

၁၈။ ပထမအဆင့်ပဏာမစစ်ဆေးခြင်း (Screening Test) အောင်မြင်သူများစာရင်းကို ဖြေဆိုပြီး ရက်သတ္တ (၂)ပတ်အတွင်း ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် ဒုတိယ အဆင့်ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

**ဒုတိယအဆင့်ရေးဖြေစာမေးပွဲစစ်ဆေးခြင်း**

၁၉။ **ပထမအဆင့်ပဏာမစစ်ဆေးခြင်း**(Screening Test) အောင်မြင်၍ဒုတိယအဆင့် ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊





ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးများရှိ ကြော်ငြာသင်ပုန်းများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website , Facebook နှင့် Myanmar National Web Portal တို့တွင် ထုတ်ပြန်ကြေညာပါမည်။ **ဒုတိယအဆင့် ရေးဖြေစာမေးပွဲအတွက်** စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်နေ့ရက်နှင့် စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်တို့သည် ကြော်ငြာတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်ပါသည်။ **ကြာသပတေးနေ့နှင့် သောကြာနေ့**တို့တွင် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ပုံမှန်အားဖြင့် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် ကျင်းပပါသည်။ ဝါတွင်းကာလတွင် အခြေခံပညာအထက်တန်းကျောင်းများ၏ ကျောင်းပိတ်ရက်များဖြစ်သည့် တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့တို့တွင်ကျင်းပပါသည်။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့ရှိ စာစစ်ဌာန(၅)ခုတွင် တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲစစ်ဆေးရာတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သုတရေးရာ မေးခွန်းလွှာ(၃)ခုတို့ကို(၂)ရက် စစ်ဆေးမည်ဖြစ်ပါသည်။

၂၀။ ပထမရက်တွင်မြန်မာစာမေးခွန်းကို ၀၉:၀၀နာရီမှ၁၁:၀၀နာရီအထိလည်းကောင်း၊ အင်္ဂလိပ်စာမေးခွန်းကို ၁၃:၀၀နာရီမှ ၁၅:၀၀နာရီအထိလည်းကောင်း၊ ဒုတိယရက်တွင် သုတရေးရာမေးခွန်းကို ၀၉:၀၀နာရီမှ ၁၁:၀၀နာရီအထိလည်းကောင်း စစ်ဆေးမည်ဖြစ်ပါသည်။

၂၁။ **နိုင်ငံခြားရေးဝန်ကြီးဌာန**မှ လစ်လပ်ရာထူးနေရာများအတွက် ပြည်ပစာစစ်ဌာနဖွင့်လှစ်၍ စစ်ဆေးရွေးချယ်ပေးပါရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တရားဝင်အမှာစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါက သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် ပြည်ပနိုင်ငံရှိမြန်မာသံရုံးများတွင် စာစစ်ဌာနဖွင့်လှစ်ကျင်းပပေးမည်ဖြစ်ပါသည်။ ပဏာမစစ်ဆေးခြင်း(Screening Test) အတွက် အခြားဝန်ကြီးဌာန/အဖွဲ့အစည်းများအတွက်စစ်ဆေးခြင်းကဲ့သို့ပင်ဆောင်ရွက်မည်ဖြစ်ပြီးရေးဖြေစာမေးပွဲ၌ **နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် အင်္ဂလိပ်စာ မေးခွန်းသည် (၃)နာရီ** (၁၃:၀၀ နာရီမှ ၁၆:၀၀နာရီအထိ)ဖြစ်ပါသည်။

၂၂။ ပြည်ပနိုင်ငံများတွင် ကာလရှည်ဘွဲ့လွန်သင်တန်း တက်ရောက်နေသူများ (သို့မဟုတ်) အလားတူ သင်တန်းတက်ရောက်ရန်လျာထားခံရသူများ၊ ရွေးချယ်ခြင်းခံထားရသူများကို ပဏာမ စစ်ဆေးခြင်းနှင့်ရေးဖြေစာမေးပွဲများသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ ပဏာမစစ်ဆေးခြင်း (ScreeningTest)နှင့် ဒုတိယအဆင့် ရေးဖြေစာမေးပွဲတို့အတွက် လေ့လာရန် မေးခွန်းနှင့် သက်ဆိုင်သော အချက်အလက်များကို **နောက်ဆက်တွဲ(ဂ)**တွင် ဖော်ပြထားပါသည်။

**တတိယအဆင့်စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခြင်း**

၂၃။ ဒုတိယအဆင့်ရေးဖြေစာမေးပွဲအောင်မြင်သူများအား စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမှုခံယူရန်ကြေညာချက်ထုတ်ပြန်ပါမည်။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမှုခံယူမည့် သူများ အမည်စာရင်းကြေညာချက်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်ရှိ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website , Facebook နှင့် Myanmar National Web Portal တို့တွင်လည်းကောင်း ကြည့်ရှုနိုင်ပါသည်။စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရမည့်သူ တစ်ဦးချင်းစီထံသို့ စာတိုက်မှတစ်ဆင့်စာပို့၍ အချိန်မီ အကြောင်းကြားမည်ဖြစ်ပါသည်။

၂၄။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့လာရောက်ရမည့်သူများသည် အောက်ဖော်ပြပါစာရွက်စာတမ်းများကို တစ်ပါတည်းယူဆောင်လာကြရမည်ဖြစ်ပါသည် –

(၁) ဘွဲ့လက်မှတ် **မူရင်း** (သို့မဟုတ်) မော်ကွန်းထိန်းရုံးမှ ထုတ်ပေးသည့် ယင်းဘွဲ့ ရကြောင်း ထောက်ခံချက် **မူရင်း**၊

(၂) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်/ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြား **မူရင်း** (အသက်သတ်မှတ်ချက် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ရာတွင် ဤအောင်လက်မှတ်သည် အဓိကအထောက်အထားဖြစ်ကြောင်းသတိပြုရန်ဖြစ်ပါသည်။ အမည်ကွဲလွဲမှုရှိလျှင် အမည်ပြောင်းအထောက်အထားကို တစ်ပါတည်း တင်ပြရမည်။)

(၃) ဘွဲ့ရသည့်နှစ်တွင် အောင်မြင်သော ဘာသာရပ်များနှင့် ရမှတ်စာရင်း **မူရင်း**၊

(၄) အလုပ်သမားမှတ်ပုံတင်ကတ်ပြား **မူရင်း**၊

(၅) မြန်မာနိုင်ငံရဲတပ်ဖွဲ့ သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ ရာဇဝတ်ပြစ်မှုကျူးလွန်ဖူးခြင်း နှင့်ပြေး(၄)ပြေးစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ထောက်ခံစာ**မူရင်း** [ထောက်ခံစာတွင် ထောက်ခံသူ၏ အမည်၊ ရာထူး၊ ကိုယ်ပိုင်အမှတ်နှင့် ရဲစခန်းတံဆိပ်တို့ ပြည့်စုံစွာ ပါရှိရမည်ဖြစ်ပြီး လျှောက်လွှာတင်သွင်းသည့် ရက်မှ(၆)လအတွင်း တောင်းခံထားခြင်း ဖြစ်ရမည်။ ]

(၆) ကျန်းမာကြောင်းဆေးလက်မှတ် **မူရင်း**၊ [ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (သို့မဟုတ်) ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ လက်အောက်ရှိ ဆေးရုံ/ ဆေးခန်းမှ ဆရာဝန်တစ်ဦး၏ လက်မှတ်၊ အမည်၊ ရာထူး၊ ပြန်တမ်းဝင် (သို့မဟုတ်) ဆမအမှတ်၊ ဌာနဆိုင်ရာ ရုံးတံဆိပ်တို့ ပါရှိသည့် ထောက်ခံချက် ဖြစ်ရမည်။]

(၇) လျှောက်ထားသူ၏ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၁)ပုံ (ရှေ့တည့်တည့်မှ ရိုက်ထားပြီး နားရွက်နှစ်ဖက်မြင်စေရမည်။)

(၈) ကိုယ်ရေးပုံစံ(၂)မျက်နှာတွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး မိတ္တူ (၁၁)စောင် ပြုစုတင်ပြရန်။

၂၅။ **စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရမည့်သူများ**သည် ကြေညာချက်ပါ ပထမရက်တွင် စိတ်အခြေအနေစစ်ဆေးခြင်းခံယူရမည်ဖြစ်ပြီး နံနက်ပိုင်း၌ စိတ်စစ်ဆေးရေးဌာနစိတ်မှ ပြုစုထားသည့် မေးခွန်းပုံစံများကို ရေးဖြေ ဖြေဆိုရပါမည်။ မွန်းလွဲပိုင်းတွင် စိတ်စစ်ဆေးရေး အရာရှိက နံနက်ပိုင်းတွင်ဖြေဆိုခဲ့သည့်အဖြေလွှာကိုအခြေခံ၍ တစ်ဦးချင်းကိုလူတွေ့စစ်ဆေးမည် ဖြစ်ပါသည်။ ယင်းသို့ နံနက်ပိုင်း ရေးဖြေနှင့် မွန်းလွဲပိုင်း လူတွေ့စစ်ဆေးခြင်းတို့မှရရှိသည့် စိတ်အခြေ

အနေစစ်ဆေးတွေ့ရှိချက်ကို ဒုတိယနေ့ လူတွေစစ်ဆေးမည့် အဖွဲ့ဝင်များထံသို့ တင်ပြထားမည် ဖြစ်သည်။

၂၆။ ဒုတိယရက်တွင် လူတွေ့စစ်ဆေးခြင်းခံယူရန်လာရောက်ကြသည့်သူများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များက လူတွေ့စစ်ဆေး၍အကဲဖြတ်ကြမည်ဖြစ်ပါသည်။ တည်ဆဲအကဲဖြတ်ချက်များ၌ လူအကဲဖြတ်ခြင်း၊ ဗဟုသုတစစ်ဆေးခြင်း၊ လုပ်ငန်းဗဟုသုတနှင့် အခြားပညာရပ်/ ကျွမ်းကျင်မှုစစ်ဆေးခြင်းတို့ပါဝင်ပါသည်။

**သင်တန်းတက်ရောက်စေခြင်း**

၂၇။ နောက်ဆုံးအဆင့်ရွေးချယ်ခြင်းခံရသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းဆင်းချိန်၌ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ အောင်လက်မှတ်ချီးမြှင့်ခြင်း ခံရမည်ဖြစ်ပါသည်။ အဆိုပါသင်တန်းများသို့ အောင်မြင်စွာ တက်ရောက်ပြီးမှသာ ကြော်ငြာပါ ဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ လစ်လပ်ရာထူးနေရာများ၌ ခန့်အပ်ခြင်း ခံရမည်ဖြစ်ပါသည်။

၂၈။ လစ်လပ်ရာထူးနေရာအတွက် ရွေးချယ်ခြင်းခံရသော်လည်း သင်တန်းသို့တက်ရောက်နိုင်ခြင်းမရှိပါက ရွေးချယ်ခြင်းခံရသူအမည်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်ပါသည်။ သင်တန်းပြောင်းရွှေ့တက်ရောက်ခြင်းခွင့်ပြုမည်မဟုတ်ပါ။

**အထူးသတိပြုရန်အချက်အလက်များ**

၂၉။ လျှောက်လွှာတင်သွင်းသည့်ကာလ၌ နိုင်ငံ့ဝန်ထမ်းမဟုတ်သော်လည်း လျှောက်ထားစဉ်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းဖြစ်လာပါက ကြော်ငြာပါလစ်လပ်ရာထူးနေရာအတွက် လျှောက်ထားခြင်းကိုကန့်ကွက်ရန်မရှိကြောင်း မိမိလက်ရှိတာဝန်ထမ်းဆောင်ရာဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့အဆင့်ဆင့်တင်ပြပြီး ဝန်ကြီးဌာန၏ခွင့်ပြုစာကို ပဏာမစစ်ဆေးခြင်း မဖြေဆိုမီတင်ပြရမည်ဖြစ်ပါသည်။ **တင်ပြနိုင်ခြင်းမရှိပါက ပဏာမစစ်ဆေးခြင်း အတွက်ဖြေဆိုခွင့်ခုံအမှတ်ထွက်ရှိမည်မဟုတ်ပါ။**





၃၀။ ပြင်ပပုဂ္ဂိုလ် **(လက်ရှိနိုင်ငံ့ဝန်ထမ်းမဟုတ်သူ)** များအနေဖြင့် ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲ အောင်မြင်၍ စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးမှုခံယူရန်လာရောက်ချိန်တွင် ယခင်နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ပါက ယင်းဌာနမှ နုတ်ထွက်ခွင့်ပြုသည့် ရုံးအမိန့်စာ မူရင်းနှင့်မိတ္တူတို့ကို ယူဆောင်တင်ပြရမည်ဖြစ်ပါသည်။ **တင်ပြနိုင်ခြင်းမရှိပါက စိတ်အခြေအနေနှင့်လူတွေ့စစ်ဆေးခံယူခွင့်ပြုမည် မဟုတ်ပါ။**

၃၁။ ရာထူးရရှိရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဥက္ကဋ္ဌအပါအဝင် မည်သူ့ကိုမှ တံစိုးလက်ဆောင်လာဘ်ပေးရန်မလိုပါ။ တံစိုးလက်ဆောင်လာဘ်ပေးရန် ကြိုးစားသူအား တည်ဆဲပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူပါမည်။

၃၂။ ရာထူးရွေးချယ်ခန့်ထားမှုကို ဆောင်ရွက်ပေးနိုင်သည့်ပွဲစားမရှိပါ၊ ပွဲစားအယောင်ဆောင်သူများကိုလည်း ဖော်ထုတ်အရေးယူနိုင်ရန် သတင်းပေးခြင်းဖြင့် ကူညီပါ။

၃၃။ ပဏာမစစ်ဆေးခြင်းနှင့် ဒုတိယအဆင့်ရေးဖြေစာမေးပွဲစစ်ဆေးခြင်းတို့တွင် မသမာသောနည်းဖြင့်ဖြေဆိုရန် ကြိုးပမ်းသူကို စစ်ဆေးတွေ့ရှိပါက ပထမအကြိမ် ကျူးလွန်မှုအတွက် (၂)နှစ်အတွင်း ဤအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်ထားခွင့်ပြုမည် မဟုတ်ပါ။ ဖြေဆိုရန်တားမြစ်သည့် (၂)နှစ် ကာလနောက်ပိုင်းတွင် ဒုတိယအကြိမ် ထပ်မံကျူးလွန်ပါက အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ **ရာသက်ပန်** လျှောက်ထားခွင့်ပြုမည် မဟုတ်ပါ။

၃၄။ ပဏာမစစ်ဆေးခြင်းနှင့် ဒုတိယအဆင့်ရေးဖြေစာမေးပွဲတို့တွင် မသမာသောနည်းဖြင့် ဖြေဆိုသူသည် ဝန်ထမ်းဖြစ်ပါက ၎င်း၏မသမာသောနည်းဖြင့် ဖြေဆိုမှုကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တရားဝင် အသိပေးအကြောင်းကြားပြီး ဌာနဆိုင်ရာ အရေးယူခြင်းခံယူရမည်။

**စုံစမ်းမေးမြန်းခြင်း**

၃၅။ ကြော်ငြာ၌ဖော်ပြပါ အကြောင်းအရာများနှင့်ပတ်သက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်(၀၆၇-၃၄၀၉၀၅၂)၊ (၀၆၇-၃၄၀၉၄၃၀)၊ (၀၆၇-၃၄၀၉၁၇၉)၊ (၀၉-၄၂၀၇၀၆၆၀၄)၊ (၀၉-၄၂၀၇၀၆၆၀၅)၊နှင့်(၀၉-၄၂၀၇၀၆၆၀၆)သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အထွေထွေ**

၃၆။ ဤလမ်းညွှန်ချက်စာစောင်နှင့် လျှောက်လွှာပုံစံတို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ( ရန်ကုန်ရုံးခွဲ )နှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးများတွင် ဝယ်ယူနိုင်ပါသည်။

၃၇။ ဤလမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော www.ucsb.gov.mm , ucsb.imis.com.mm , Facebook Page ဖြစ်သော Union Civil Service Board Myanmar နှင့် Myanmar National Web Portal တို့တွင် ကြည့်ရှုနိုင်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**






**နောက်ဆက်တွဲ(က)**


## ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ခေါ်ယူသော ရာထူးများအတွက် အွန်လိုင်းလျှောက်လွှာပုံစံ

## (Online Application Form) Registration Form



၁၇

## ကိုယ်ရေးအကျဉ်းဖြည့်ရန်






ကန့်သတ်


၁၈

## ပညာအရည်အချင်းဖြည့်ရန်



၁၉

## လုပ်ခဲ့ဖူးသောအလုပ်အကိုင်များဖြည့်ရန်




ကန့်သတ်


၂၀

## ကျောင်းများ၊ တက္ကသိုလ်များဖြည့်ရန်



၂၁

# နောက်ဆုံးအောင်မြင်ခဲ့သည့်အတန်းတွင်သင်ကြားခဲ့သောဘာသာရပ်များ







ကန့်သတ်


၂၂

# ယခင်ဖြေဆိုခဲ့ဖူးလျှင်




ကန့်သတ်

# စာရွက်စာတမ်းများတွဲရန်








**နောက်ဆက်တွဲ(ခ)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာပုံစံ

**ဖြေဆိုမည့်စာစစ်ဌာန** ----------------

(နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ မော်လမြိုင်)

ခုံအမှတ် --------------------

**ညွှန်ကြားရေးမှူးချုပ်**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**
**ရုံးအမှတ်(၁၇)**
**နေပြည်တော်။**

ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသည့်ရာထူး

(က) ဌာန------------------------------------------------------------

(ခ) ရာထူးအမည်------------------------------------------------------

(ဂ) ကြော်ငြာစာအမှတ်-------------------------------------------------

၂။ လျှောက်ထားသူ

(က) အမည်----------------------------------------------------------

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်(သို့မဟုတ်)-----------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်----------------------------------------

(ဂ) မွေးနေ့ (ရက်၊လ၊နှစ်)----------------------------------------------
(ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်) ------------------------------------------

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ-----------------------------------------

(မည်သည့်တိုင်းရင်းသားဖြစ်ကြောင်းဖော်ပြရန်)----------------------------

(င) ပညာအရည်အချင်း(ဘွဲ့/ ဒီပလိုမာစသည်များကို----------------------------

အောင်မြင်သည့်ခုနှစ်နှင့်တကွ အစဉ်လိုက်ဖော်ပြရန်)------------------------

(စ) လက်ရှိအလုပ်အကိုင်(နိုင်ငံ့ဝန်ထမ်း)---------------------------------------

(၁) ဌာန၊ရာထူး၊ လစာနှုန်း----------------------------------------------

(၂) ပုတ်ပြတ်၊နေ့စား၊လုပ်ငန်းပြစသည့်နှုန်းထား၊ ဌာန၊တာဝန်-----------------

(၃) သမဝါယမ၊ပုဂ္ဂလိက၊ ကိုယ်ပိုင်၊ လစာ၊ လုပ်ခ၊ ဝင်ငွေ၊ တာဝန်--------------

(ဆ) ဝန်ထမ်းမဟုတ်လျှင်အလုပ်သမားမှတ်ပုံတင်အမှတ်၊မြို့နယ်၊ မှတ်ပုံတင်သည့်ရက်စွဲ---------------------------------------------------

----------------------------------------------------------------

(ဇ) စာမေးပွဲဝင်ကြေးပေးသွင်းသည့်ချလန်အမှတ်/ရက်စွဲ/ပေးသွင်းသည့်ဘဏ်ခွဲ -

----------------------------------------------------------------

----------------------------------------------------------------

(ဈ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ/ဖုန်းနံပါတ်-------------------------------

----------------------------------------------------------------

၃။ (က) ဖခင်အမည်------------------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------

အဆင့်/ရာထူး---------------------------------------------------------

အလုပ်အကိုင်/ဌာန----------------------------------------------------

နေရပ်လိပ်စာ------------------------------------------------------





(ခ) မိခင်အမည်------------------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------

----------------------------------------------------------------

အဆင့်/ရာထူး------------------------------------------------------

အလုပ်အကိုင်/ဌာန---------------------------------------------------

နေရပ်လိပ်စာ------------------------------------------------------

(ဂ) အိမ်ထောင်ရှိလျှင်---------------------------------------------------

ခင်ပွန်း/ဇနီးအမည်--------------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------

----------------------------------------------------------------

အဆင့်/ရာထူး---------------------------------------------------- --

အလုပ်အကိုင်/ဌာန---------------------------------------------------

နေရပ်လိပ်စာ---------------------------------------------------

(ဃ) သား/သမီးရှိလျှင်

အမည်----------------------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------

----------------------------------------------------------------

အဆင့်/ရာထူး------------------------------------------------------

အလုပ်အကိုင်/ဌာန---------------------------------------------------

နေရပ်လိပ်စာ------------------------------------------------------

(င) မွေးချင်းရှိလျှင်------------------------------------------------

အမည်----------------------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-------------
------------------------------------------------------------------
အဆင့်/ရာထူး-------------------------------------------------------
အလုပ်အကိုင်/ဌာန---------------------------------------------------
နေရပ်လိပ်စာ-------------------------------------------------------
(မရှိလျှင် ဦးကြီး/ဦးလေး/အဒေါ် အရင်းအချာများဖော်ပြရန်)

၄။ (က) ပညာသင်ကြားခဲ့ဖူးသောကျောင်းများ/တက္ကသိုလ်ကောလိပ်များ-------------
(တည်နေရာနှင့်ခုနှစ်ဖော်ပြရန်)---------------------------------------
------------------------------------------------------------------
(ခ) ကျောင်းနေစဉ်ထူးချွန်မှုများ--------------------------------------
(ဂ) ကျောင်းနေစဉ်အပြစ်ပေးခံရမှုများ------------------------------------
(ဃ) ပညာအရည်အချင်း
(၁) နောက်ဆုံးအောင်မြင်ခဲ့သည့်အတန်း/ အဆင့်/ ခုနှစ်--------------------
------------------------------------------------------------
(၂) နောက်ဆုံးအတန်းတွင်သင်ယူခဲ့သောဘာသာရပ်များ------------------
------------------------------------------------------------

၅။ လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင်များ-----------------------------------------
(နုတ်ထွက်ပြောင်းရွှေ့ရသည့်အကြောင်းကိုပါဖော်ပြရန်)--------------------------------
-----------------------------------------------------------------------





၆။ ပါဝင်ခဲ့ဖူးသောအသင်းအဖွဲ့များနှင့်တာဝန်များ-------------------------------------
-------------------------------------------------------------------------

၇။ ယခင်ဖြေဆိုခဲ့ဖူးလျှင်

| ရာထူး | ခုံအမှတ် | လူတွေ့စစ်ဆေးခြင်းရှိ-မရှိ (ရှိပါကရက်စွဲဖော်ပြပါရန်) |
|---|---|---|

(က) ------------------------------------------------------------------
(ခ ) ------------------------------------------------------------------
(ဂ ) ------------------------------------------------------------------
(ဃ) ------------------------------------------------------------------
(င ) ------------------------------------------------------------------

(နေရာမလုံလောက်လျှင် နောက်ဆက်တွဲဖြင့်ဖော်ပြရန်)

၈။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပေးပို့ပါသည်-
(က) ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ (ဘွဲ့လက်မှတ်/ နောက်ဆုံးနှစ်အမှတ်စာရင်းစသည်) (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်/ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ဂ) လူမှုရေးဆောင်ရွက်ချက်များ
(ဃ) စာမေးပွဲဝင်ကြေးငွေ ပေးသွင်းသည့်ပြေစာ/ ချလန်မူရင်း။

၉။ လက်ရှိနိုင်ငံ့ဝန်ထမ်းဖြစ်လျှင်
(က) လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနဆိုင်ရာမှတစ်ဆင့် ဝန်ကြီးဌာနသို့ အဆင့်ဆင့်တင်ပြ၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိရန် တင်ပြထားပါသည်။

(ခ) တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီလျှောက်ထားသည့် လစ်လပ်ရာထူးနေရာအတွက် ရွေးချယ်ခြင်းခံရပါက ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ ဆုံးခန်းတိုင်ပြီး မြောက်အောင်မြင်သည်အထိ တက်ရောက်ပါမည်။

(ဂ) ကိုယ်ရေးကိုယ်တာ အကြောင်းကိစ္စကြောင့်ဖြစ်စေ၊ မိမိတာဝန်ထမ်းဆောင်လျက်ရှိသည့်မိခင်ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များပြားခြင်းကြောင့်ဖြစ်စေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင်တက်ရောက်ရမည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းကို ပြီးမြောက်အောင်မြင်အောင်တက်ရောက်ရန် ငြင်းဆိုခြင်း/ တမင်ရှောင်ကြဉ်ခြင်း မပြုလုပ်ပါ။

(ဃ) ပြည်ပတွင် ကာလရှည်သင်တန်းတက်ရောက်ရန် မိခင်ဝန်ကြီးဌာနမှ ရွေးချယ်ထားခြင်း(သို့မဟုတ်)လျာထားခံရခြင်း ရှိ/မရှိ (--------------------------)

၁၀။ ပြင်ပပုဂ္ဂိုလ်(လက်ရှိနိုင်ငံ့ဝန်ထမ်းမဟုတ်သူ)ဖြစ်လျှင်

(က) လျှောက်ထားသည့် လစ်လပ်ရာထူးနေရာအတွက် ရွေးချယ်ခြင်းခံရပါက ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းကို တက်ရောက်အောင်မြင်မှသာ ရွေးချယ်ခြင်းခံရသည့် လစ်လပ်ရာထူးနေရာ၌ ခန့်အပ်ခြင်းခံရမည်ကို သိရှိပါသည်။

(ခ) ရွေးချယ်ခြင်းခံရသော်လည်း သင်တန်းသို့တက်ရောက်နိုင်ခြင်းမရှိပါက ရွေးချယ်ခြင်းခံရသူများအမည်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ကိုသိရှိပါသည်။





၁၁။ အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။

လက်မှတ် ------------------

အမည် --------------------

မှတ်ချက်။ အထက်ဖော်ပြပါအချက်အလက်များအား ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော လျှောက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ။ **ရေးဖြေစာမေးပွဲ၊ ၁ ကြိမ်လျှင် ကြော်ငြာပါ ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ လစ်လပ်ရာထူး ၂ မျိုးကိုသာ လျှောက်ထားခွင့်ပြုပြီး ရာထူး(၂)မျိုးထက် ပိုမိုလျှောက်ထားပါက ကြော်ငြာအမှတ်စဉ်အလိုက် ရာထူး(၂)မျိုးသာ သတ်မှတ် ဖြေဆိုခွင့်ပြု၍ ကျန်လျှောက်လွှာများကိုပယ်ဖျက်မည်ဖြစ်ပါသည်။**

**နောက်ဆက်တွဲ(ဂ)**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့က စစ်ဆေးသည့် ပဏာမစစ်ဆေးခြင်းနှင့် ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းတို့အတွက် မေးခွန်းများနှင့် သက်ဆိုင်သောအချက်အလက်များ

**ပဏာမစစ်ဆေးခြင်းအတွက်လေ့လာရန်**

ပဏာမစစ်ဆေးခြင်းတွင် အင်္ဂလိပ်စာနှင့် သုတရေးရာ(၂)ဘာသာအတွက် Multiple Choice Question Type မေးခွန်း(၆၀)ပုဒ်ကို ဖြေဆိုချိန်(၂)နာရီ စစ်ဆေးမည်ဖြစ်ပါသည်။ မေးခွန်း(၁)ပုဒ်အတွက် အဖြေမှန်(၄)ခု ပေးထားမည်ဖြစ်ပြီး ပေးထားသည့်အဖြေ(၄)ခုအနက် အမှန်ဆုံး အဖြေ(၁)ခု ကိုသာရွေးချယ်၍ 2B ခဲတံဖြင့် အဖြေမှန်ကို စက်ဝိုင်းအတွင်း မဲနက်နေအောင် ထင်ထင်ရှားရှား ခြယ်ကာဖြေဆိုရပါမည်။ ပဏာမစစ်ဆေးခြင်းအတွက် အင်္ဂလိပ်စာနှင့် သုတရေးရာ (၂)ဘာသာတို့ကို လေ့လာဖတ်ရှုရန်ဖြစ်ပါသည်။

**ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းအတွက် လေ့လာရန်**

**မြန်မာစာ**

မြန်မာစာအရေးအသားကျွမ်းကျင်မှုနှင့် ပြည်သူ့ဝန်ထမ်းလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ ပြည်သူ့ဝန်ထမ်းကိုယ်ကျင့်တရားဆိုင်ရာ အရည်အချင်းများကို အောက်ပါအတိုင်း စစ်ဆေးမည် ဖြစ်ပါသည်။

(၁) ပေးထားသောခေါင်းစဉ် ၂ခုအနက် ၁ခုကို စာလုံးရေ ၅၀၀ ခန့် မှတ်စုရေးသားခြင်း။ (အမှတ်၂၀)
(ပြည်သူ့ဝန်ထမ်းလုပ်ငန်းဆိုင်ရာ တစ်ပုဒ်၊ ပြည်သူ့ဝန်ထမ်း ကိုယ်ကျင့်တရားဆိုင်ရာ တစ်ပုဒ်)





(၂) ပေးထားသောအင်္ဂလိပ်စာပိုဒ်ကို မြန်မာဘာသာပြန်ဆိုခြင်း။ (အမှတ်၂၀)
(ပြည်သူ့ဝန်ထမ်းဆိုင်ရာ အင်္ဂလိပ်စာပိုဒ်)

(၃) (က) စာလုံးပေါင်းသတ်ပုံ အမှား အမှန် ရွေးခြင်း။ (၁၀မှတ်)
(ခ) ဝေါဟာရများကို အဓိပ္ပါယ် မှန်ကန်ပေါ်လွင်အောင် ဝါကျတစ်ခုစီတွင် အသုံးပြုခြင်း။ (၁၀မှတ်)

(၄) ဖော်ပြချက်တစ်ရပ်ကို အနှစ်ချုပ်ရေးသားခြင်း (အမှတ် ၂၀)

(၅) ရုံးစာအရေးအသား။ (အမှတ် ၂၀)
(အလုပ်လျှောက်စာ၊ ခွင့်စာ၊ ကြေညာစာ၊ အမှာစာ၊ အစည်းအဝေးဖိတ်စာ၊ အစည်းအဝေးမှတ်တမ်း- စသည့်ရုံးစာရေးနည်းဆိုင်ရာများ)

**လေ့လာဖတ်ရှုရန် -**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ - ရုံးလုပ်ငန်းလက်စွဲ
(၂) ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန- လုပ်ငန်းသုံးမြန်မာစာ
(၃) ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန- အသုံးချမြန်မာစာ
(၄) မောင်ခင်မင် (ဓနုဖြူ)- ရုံးသုံးမြန်မာစာရေးသားနည်း
(၅) နေ့စဉ်ထုတ်နိုင်ငံတော်ပိုင်သတင်းစာများ

**အင်္ဂလိပ်စာ**

အင်္ဂလိပ်စာရေးသားနိုင်စွမ်းနှင့် နားလည်သဘောပေါက်မှု အရည်အချင်းကို အောက်ပါအတိုင်း စစ်ဆေးမည်ဖြစ်ပါသည် –

၁။ ပေးထားသည့်စာပိုဒ်ကို ဖတ်ပြီး မေးခွန်းများကို ဖြေဆိုခြင်း။ (၁၀မှတ်)

၂။ (က) ပေးထားသည့်ဝါကျတွင် ပါရှိသော အမှားကို ပြင်ဆင်ခြင်း။ (၁၀မှတ်)

(ခ) ဝါကျတွင် ပေးထားသော ကွက်လပ်ကို ဖြည့်ခြင်း။ (၁၀မှတ်)

(ဂ) ညွှန်ကြားချက်နှင့်အညီ ပေးထားသော ဝါကျများကို ပြန်ရေးခြင်း။ (၁၀မှတ်)

၃။ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်း။ (၂၀မှတ်)

၄။ ပေးထားသည့်အဆိုကို သဘောတူ၊ မတူ မိမိအမြင်ကို တင်ပြခြင်း။ (၂၀မှတ်)

၅။ စာစီစာကုံးရေးသားခြင်း။ (၂၀မှတ်)

**သုတရေးရာ**

သုတရေးရာဘာသာရပ် မေးခွန်းလွှာနှင့်ပတ်သက်၍ မြန်မာ့သုတရေးရာနှင့် ကမ္ဘာ့သုတရေးရာများကို အောက်ပါအတိုင်း စစ်မေးမည်ဖြစ်ပါသည် –

၁။ ဓမ္မဓိဋ္ဌာန်မေးခွန်း (မေးခွန်းအားလုံးဖြေဆိုရန်) (အမှတ် ၂၀)

(က) မှန်သောအဖြေကို ရွေးချယ်ပါ။

( ခ ) မှား၊ မှန် ရွေးချယ်ပါ ။

( ဂ ) ကွက်လပ်ဖြည့်ပါ။

(ဃ) မေးခွန်းများကိုဖြေပါ။





၂။ မေးခွန်းတိုမေးခွန်း (၄ပုဒ်မေး –၂ပုဒ်ဖြေဆိုရန်) (အမှတ် ၂၀)

မြန်မာနှင့် ကမ္ဘာ့သုတရေးရာများတွင် အခြေခံပြဿနာတစ်ရပ်ရပ်ကို ဦးတည်၍ အဖြေဖော်ထုတ်ခြင်းကိုစစ်ဆေးသည့်မေးခွန်းဖြစ်ပါသည်။ ဥပမာ–ယဉ်ကျေးမှု၊ သမိုင်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသော နယ်ပယ် တစ်ခုခုကိုအခြေခံသော ပြဿနာကို မိမိအမြင်ဖြင့် လေ့လာဆန်းစစ်စေခြင်းဖြစ်ပါသည်။

၃။ မေးခွန်းရှည်မေးခွန်း (၂ပုဒ်မေး ၁ပုဒ်ဖြေဆိုရန်) (အမှတ် ၂၀)

မြန်မာ့မျက်မှောက်ရေးရာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဘက်ပေါင်းစုံမှ စိစစ် သုံးသပ်ခြင်းကို စစ်ဆေးသော မေးခွန်းဖြစ်ပါသည်။

၄။ မေးခွန်းရှည်မေးခွန်း (၂ပုဒ်မေး ၁ပုဒ်ဖြေဆိုရန်) (အမှတ် ၂၀)

ကမ္ဘာ့မျက်မှောက်ရေးရာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဘက်ပေါင်းစုံမှစိစစ် သုံးသပ်ခြင်းကို စစ်ဆေးသောမေးခွန်းဖြစ်ပါသည်။

ဥပမာ – နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုစီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ သဘာဝဘေးအန္တရာယ်များ၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာတိုးတက်မှုများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအပေါ် အခြေခံသော မေးခွန်းများကို မိမိအမြင်ဖြင့် လေ့လာဆန်းစစ်စေခြင်းဖြင့် ဖြေဆိုရမည့်မေးခွန်းဖြစ်ပါသည်။

၅။ ဝန်ထမ်းကျင့်ဝတ်နှင့်သက်ဆိုင်သောမေးခွန်း (၂ ပုဒ်မေး – ၁ပုဒ်ဖြေဆိုရန်) (အမှတ် ၂၀)

အုပ်ချုပ်မှုစွမ်းရည်၊ ဦးဆောင်နိုင်မှုစွမ်းရည်နှင့် အရင်းခံပြဿနာကို ဖော်ထုတ်နိုင်မှုစွမ်းရည်များကို ဆန်းစစ်မည့်မေးခွန်းဖြစ်ပါသည်။

ဥပမာ – good governance ကို မည်သို့နားလည်ပုံ၊ အဂတိလိုက်စားမှု ထိန်းချုပ်ပုံ၊ တရားဥပဒေစိုးမိုးရေး၊ ဝန်ထမ်းတစ်ဦး လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတစ်ဦးအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် Civic Duty ကဲ့သို့သော ပြည်သူ့နီတိဆိုင်ရာကျင့်ဝတ်၊